# ထုတ်ပြန်ကြေညာချက်
# နိုင်ငံတကာလုပ်ဖော်ကိုင်ဖက်များအနေဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ပူးပေါင်းလုပ်ဆောင်မှုအားလုံး ရပ်တန့်ရမည်

၂၀၂၁ ခုနှစ် မတ်လ ၁၁ ရက်နေ့

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အရပ်ဘက်လူထုအဖွဲ့အစည်းများ အလုပ်အဖွဲ့ (အလုပ်အဖွဲ့)[1] က မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC) အား စစ်တပ်၏ အာဏာသိမ်းမှုကို ရှုတ်ချရန်နှင့် မြန်မာပြည်သူများနှင့်အတူ ရပ်တည်ရန် တောင်းဆိုခဲ့သည်။ သို့သော် MNHRC သည် ထိုသို့လုပ်ဆောင်ရန် ပျက်ကွက်ခဲ့သည်။ ထို့ကြောင့် MNHRC သည် လူ့အခွင့်အရေးဌာနတစ်ခုမဟုတ်ဘဲ အာဏာသိမ်းစစ်အုပ်စု၏ မဟာမိတ်သာဖြစ်သည်ဟု မိမိတို့မှ ယုံကြည်သည်။ နိုင်ငံအဆင့်လူ့အခွင့်အရေးဌာန (NHRI) များ၏ ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ ပလက်ဖောင်းများမှ MNHRC ကို ရပ်ဆိုင်းထားရန်နှင့် ၎င်းနှင့် ပူးပေါင်းလုပ်ဆောင်နေသော နိုင်ငံတကာလုပ်ဖော်ကိုင်ဖက်များကိုလည်း မည်သည့်ပူးပေါင်းဆောင်ရွက်မှုကိုမဆို အဆုံးသတ်ရန် မိမိတို့အလုပ်အဖွဲ့နှင့်အတူ ပြည်တွင်းနှင့် ဒေသတွင်း အရပ်ဘက်လူထုအဖွဲ့အစည်းများ၊ ကွန်ရက်များ (၅၆) ဖွဲ့ တို့မှ တောင်းဆိုလိုက်သည်။

အာဏာသိမ်းမှုကို ရှုတ်ချရန် MNHRC အား တောင်းဆိုသည့် နောက်ပိုင်းတွင် စစ်အုပ်စုမှ အကြမ်းဖက်မှုကို အရှိန်အဟုန်ဖြင့် ပိုမိုအသုံးပြုလာနေပြီး ရဲနှင့် စစ်တပ်၏ သေစေနိုင်လောက်သော အင်အားသုံး လုပ်ဆောင်မှုများသည်လည်း နေ့စဉ်အဖြစ်အပျက် ဖြစ်လာနေသည်။ မြန်မာနိုင်ငံအနှံ့အပြားရှိ မြို့များတွင် သေစေနိုင်လောက်သည့် လက်နက်များဖြင့် ပစ်ခတ်မှုများကြောင့် လူပေါင်း ၆၀ ကျော် သေဆုံးခဲ့ရပြီးဖြစ်သည်။ ငြိမ်းချမ်းစွာ ဆန္ဒပြနေသူများအပေါ် ရေအမြောက်များ၊ ရော်ဘာကျည်များနှင့် ရိုက်နှက်မှုများ လုပ်ဆောင်သဖြင့် ရာနှင့် ချီ၍ ဒဏ်ရာရရှိစေခဲ့ပြီး ထောင်နှင့်ချီသော ပြည်သူများမှာ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းများ ခံနေကြရသည်။ တိုင်းရင်းသားဒေသများရှိ ရက်စက် ကြမ်းကြုတ်သော အကြမ်းဖက်မှုများတွင် ပုံမှန်ပါဝင်လေ့ရှိသည့် စစ်ဆင်ရေးအထူးအဖွဲ့ဖြစ်သော ခြေမြန်တပ်မ ၃၃ နှင့် ၇၇ တို့ကို

---

[1] မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC) အား လွတ်လပ်အမှီခိုကင်း၍ ပွင့်လင်းမြင်သာမှု ရှိကာ ထိရောက်ပြီး ပါရီအခြေခံမူများနှင့်အညီ မြန်မာပြည်သူလူထု၏ လူ့အခွင့်အရေးကို အမှန်တစ်ကယ် ကာကွယ်မြှင့်တင် ပေးနိုင်သော ကော်မရှင်တစ်ရပ်ဖြစ်လာစေရေးအတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အရပ်ဘက်လူထုအဖွဲ့အစည်းများအလုပ်အဖွဲ့ (အလုပ်အဖွဲ့) ကို ၂၀၁၉ ခုနှစ် ဇန္နဝါရီလတွင် ဖွဲ့စည်းခဲ့ပါသည်။ အလုပ်အဖွဲ့ကို နောက်ခံစုံလင်သော အနယ်နယ်အရပ်ရပ်မှ အရပ်ဘက်လူထုအဖွဲ့အစည်းပေါင်း (၂၂) ဖွဲ့ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

ဆက်သွယ်ရန် အီးမေးလ်: reformMNHRC@gmail.com

Facebook: https://www.facebook.com/ReformMNHRC

မြို့ပြ ဒေသများတွင် ဖြန့်ကျက်နေရာချလာသည်။ အခစား စစ်အုပ်စုထောက်ခံသူ တန်ပြန် ဆန္ဒပြသူများက ဓါးဖြင့် ထိုးခြင်းများ အပါအဝင် ငြိမ်းချမ်းစွာ ဆန္ဒပြနေသူများအပေါ် အကြမ်းဖက်မှုများကို လှုံ့ဆော် ကျူးလွန်နေကြသည်။ သောင်းနှင့်ချီသည့် ရာဇဝတ်သားများကို ထောင်များမှ လွှတ်ပေးခဲ့ပြီး ညအချိန်တွင် မြို့ပြလူနေရပ်ကွက်များ၌ လိုက်လံဖြန့်ချထားခြင်းဖြင့် ပရမ်းပတာဖြစ်စေရန်နှင့် အကြောက်တရားများ သွတ်သွင်းရန် လုပ်ဆောင်နေသည်။ ပြည်သူလူထုများ၏ လှုပ်ရှားသွားလာမှုများကို ညမထွက်ရအမိန့်ဖြင့် ကန့်သတ်ထားသည့်တစ်ချိန်တည်းတွင် စစ်သားများ ကျောထောက်နောက်ခံပြုထားသည့် ရဲများ ဦးဆောင်သော နိုင်ငံအနှံ့ ညပိုင်းဝင်ရောက်စီးနင်းမှုများ လုပ်ဆောင်ခဲ့ခြင်းဖြင့် ရာများစွာချီသော လူထုများကို ဖမ်းဆီး လျက်ရှိသည်။ မတ်လ ၁၀ ရက်နေ့အရ စစ်တပ်အာဏာသိမ်းပြီးချိန်မှစ၍ လူပေါင်း ၂၀၀၈ ဦး ဖမ်းဆီး၊ တရားစွဲ သို့မဟုတ် အပြစ်ပေးခြင်း ခံခဲ့ရပြီး ဖြစ်သည်။ ညစဉ်အင်တာနက်ဖြတ်တောက်ခြင်းများကို ပြုလုပ်ကာ လူထုအား ပြင်ပကမ္ဘာနှင့် အဆက်ပြတ်စေပြီး နောက်ဘာဆက်ဖြစ်မည်ကို စိုးရိမ်ကြောက်လန့်နေစေခဲ့သည်။ အဆိုပြုထားသော ဆိုင်ဘာလုံခြုံရေးဥပဒေသည် စာပေးစာယူများကို ကြားဖြတ်လုပ်ဆောင်ရန် တယ်လီဖုန်း ဆက်သွယ်ရေး ကုမ္ပဏီများကို အတင်းအကြပ်လုပ်ခိုင်းစေလိမ့်မည်ဖြစ်သည်။ ရာဇသတ်ကြီးဥပဒေကို စစ်တပ်၏ တာဝန်ဝတ္တရားအား နှောက်ယှက်ခြင်းအတွက် ထောင်ဒဏ် အနှစ် ၂၀ အထိ ချမှတ်နိုင်သည့် ပြင်ဆင်ချက်များ ကဲ့သို့သော ဥပဒေပြ ပြဋ္ဌာန်းချက်များကို အတည်ပြုပြီးဖြစ်သည်။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်ခြင်းသည် ညအိပ်ဧည့်စာရင်းတိုင်ရန် လိုအပ်မှုကို ပြန်လည်အသက်သွင်းခဲ့သည့် တစ်ချိန်တည်းတွင် အာဏာပိုင်များမှ မည်သည့် ပြည်သူများ၏ နေအိမ်နှင့် ပိုင်ဆိုင်မှုများကို ဝရန်းမလိုဘဲ ဝင်ရောက်ရှာဖွေစစ်ဆေးနိုင်ရန် ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုဥပဒေကို ပြင်ဆင်ခဲ့သည်။ ဤဥပဒေသည် စစ်အာဏာရှင် အုပ်ချုပ်ရေး၏ အဆိုးရွားဆုံးသောနေ့ရက်များကို ပြန်လည်အမှတ်ရစေသည်သာမက အကြမ်းဖက်မှု၊ နှောက်ယှက်စော်ကားမှု နှင့် ဖိနှိပ်မှုတို့သာ ဆက်လက်တိုးပွားလာနေသည်။

ဤအရာများအားလုံး ဖြစ်ပျက်နေသော်လည်း စစ်အာဏာသိမ်းသည်မှ တစ်လကြာလာသည်အထိ MNHRC သည် နှုတ်ဆိတ်နေမြဲဖြစ်သည်။ ပြည်သူလူထုများသည် ၎င်းတို့၏ အခြေခံလူ့အခွင့်အရေးများကို ကျင့်သုံးနိုင်မည့် ပိုမိုကောင်းမွန်သော အနာဂတ်အတွက် ၎င်းတို့၏ အသက်များကို စတေးလျက် လမ်းများပေါ်တွင် နေ့စဉ် ဆက်ရှိနေကြသော်လည်း MNHRC သည် အာဏာသိမ်းမှုကိုသာမက ငြိမ်းချမ်းစွာ ဆန္ဒပြသူများအပေါ် ကျူးလွန်နေသော အကြမ်းဖက်မှုများကို ဆန့်ကျင်ရှုတ်ချရန် မည်သည့်ကိုမျှ လုပ်ဆောင်ခြင်း မရှိခဲ့ပေ။ ယင်းမှာ နည်းပညာ အထောက်အပံ့ လိုအပ်ခြင်းနှင့် စွမ်းရည်မပြည့်ဝခြင်းတို့ထက် ကျော်လွန်သွားပြီဖြစ်သည်။ NHRI များကို နိုင်ငံတကာစံချိန်စံနှုန်းဖြစ်သော ပါရီအခြေခံမူများအတိုင်း လိုက်နာလုပ်ဆောင်စေရန် လမ်းညွှန်ပေးလျက်ရှိသော ကမ္ဘာလုံးဆိုင်ရာ အမျိုးသားလူ့အခွင့်အရေးဌာနများ မဟာမိတ်အဖွဲ့ (GANHRI) ၏ အရည်အသွေးသတ်မှတ်ရေးဆပ်ကော်မတီ (SCA) ၏ အထွေထွေသုံးသပ်ချက်တွင် NHRI တစ်ခုသည် အရေးပေါ်အခြေအနေ သို့မဟုတ် အာဏာသိမ်းသည့်အခြေအနေမျိုးတွင် “၎င်း၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးရာတွင် သတိဝီရိယနှင့် သီးခြားလွတ်လပ်မှု၏ အဆင့်ကို မြင့်တင်ခြင်းနှင့်အတူ ဆက်လက်

လုပ်ဆောင်ရမည်” ဟု ဆိုထားသည်။ ယခုကဲ့သို့ အရေးပေါ်အခြေအနေတွင် ဆက်လက်နှုတ်ဆိတ်နေခြင်းသည် MNHRC သည် ၎င်း၏ အခြေခံအကျဆုံး တာဝန်ဝတ္တရားများကို ကျေပွန်စွာဆောင်ရွက်ရန် ပျက်ကွက်နေရုံသာမဟုတ်ဘဲ လိုလိုလားလားနှင့် စစ်အုပ်စု၏ အလိုအတူအလိုပါ ဖြစ်နေသည်။ သို့ဖြစ်ရာ မိမိတို့သည် MNHRC ကို တရားဝင် NHRI တစ်ခုအဖြစ်ထက် စစ်အုပ်စုကို အကာအကွယ်ပေးမည့် လုပ်ရပ်များကို လုပ်ဆောင်မည့် အဖွဲ့အစည်းတစ်ခုအဖြစ်သာ ရှုမြင်သည်။

သို့ဖြစ်ရာ နိုင်ငံတကာအစိုးရများနှင့် ၎င်းတို့၏ သက်ဆိုင်ရာ NHRI များသည် MNHRC ကို တရားဝင် NHRI အဖြစ် မည်သည့်ပုံစံနှင့်မျှ အသိအမှတ်မပြုဘဲ ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု အားလုံးကို ဖြတ်တောက်ရမည်။ MNHRC အား ငွေကြေးထောက်ပံ့ပေးနေသော အေဂျင်စီများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ ကဲ့သို့သော MNHRC ၏ အခြားသော နိုင်ငံတကာ လုပ်ဖော်ကိုင်ဖက်များအနေဖြင့်လည်း ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှု၊ ငွေကြေးထောက်ပံ့မှုနှင့် ပေးနေသော ပံ့ပိုးကူညီမှုများကို အဆုံးသတ်ရမည်။ ထို့အပြင် MNHRC မှ အဖွဲ့ဝင်ဖြစ်သော သို့မဟုတ် ပါဝင်နေသော NHRI များ၏ ဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာ အဖွဲ့အစည်းများ အထူးသဖြင့် GANHRI၊ NHRI များ၏ အာရှပစိဖိတ် ဖိုရမ် (APF)၊ နှင့် အရှေ့တောင်အာရှ NHRI များဖိုရမ် (SEANF) တို့အနေဖြင့် MNHRC ကို မည်သည့် အဖွဲ့ဝင်အဖြစ်ကမဆို ရပ်ဆိုင်းပစ်ရမည်။

## ပိုမိုသိရှိလိုပါက


- အောင်မျိုးမင်း၊ ညီမျှခြင်းမြန်မာ၊ myominburma@gmail.com
- နန်းဇွန်မိုး၊ ရှေ့ပြေးအသံအဖွဲ့၊ info@progressive-voice.org
- နိုင်အဲမွန်၊ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၊ auemon@gmail.com
- ANNI Secretariat, FORUM-ASIA, anni@forum-asia.org


## လက်မှတ်ရေးထိုးသော ပြည်တွင်းအဖွဲ့အစည်းများ

1. All Arakan Students’ and Youths’ Congress
2. Alliance for Gender Inclusion in the Peace Process
3. Ananda Data
4. Arakan CSO Network
5. Arakan Rivers Network (ARN)
6. Backpack Health Workers Team
7. Burma Medical Association
8. Candle Light Group
9. Chin Human Rights Organization
10. CSO Working Group on MNHRC Reform

- Action Committee for Democracy Development
- Assistance Association for Political Prisoners
- Association of Human Rights Defenders and Promoters
- Athan – Freedom of Expression Activists Organization
- Burma Monitor (Research and Monitoring)
- Equality Myanmar
- Future Light Center
- Generation Wave
- Genuine People's Servants
- Human Rights Educators Network
- Human Rights Foundation of Monland
- Kachin Women's Association Thailand
- Karen Human Rights Group
- Karenni Human Rights Group
- Loka Ahlinn (Social Development Organization)
- Metta Campaign Mandalay
- Myanmar People Alliance (Shan State)
- Progressive Voice
- Synergy (Social Harmony Organization)
- Ta'ang Women's Organization
- The Seagull: Human Rights, Peace & Development
- Yangon Watch

11. Democracy, Peace and Women Organization
12. Digital Rights Collective
13. Enlighten Myanmar Research Foundation EMreF
14. Fidi Foundation (Hakha)
15. Free Expression Myanmar
16. Gender Equality Network
17. Karen Affairs Committee
18. Karen Environmental and Social Action Network
19. Karen Grassroot Women Network
20. Karen Organization for Relief and Development
21. Karen Peace Support Network
22. Karen Rivers Watch
23. Karen Student Network Group
24. Karen Teacher Working Group
25. Karen Women's Organization
26. Karenni Civil Society Network
    - Karenni National Youth Organization
    - Karenni National Women's Organization
    - Karenni Evergreen
    - Karenni Student Union
    - Karenni Legal and Human Rights Center

- Karenni Social Welfare and Development Center
- Karenni Refugee Committee
- Karenni Health Department
- Karenni Literacy and Culture Development Committee
- Karenni Education Department

27. Kayan Women’s Organization
28. Keng Tung Youth
29. Maramagri Youth Network
30. Myan ICT for Development Organisation (MIDO)
31. Myanmar Cultural Research Society
32. Network for Human Rights Documentation (ND-Burma)
    - Assistance Association for Political Prisoners – Burma
    - Human Rights Foundation of Monland
    - Kachin Women’s Association – Thailand
    - Ta’ang Women’s Organization
    - Ta’ang Students and Youth Union
    - Tavoyan Women’s Union
    - Association of Human Rights Defenders and Promoters
    - All Arakan Students’ and Youths’ Congress
    - Future Light Center

    Partner Organizations
    - Chin Human Rights Organization
    - East Bago – Former Political Prisoners Network
    - Pa-O Youth Organization
    - Progressive Voice
33. Pa-O Women’s Union
34. Pa-O Youth Organization
35. Pyi Gyi Khin
36. Shan MATA
37. Socio-Economic & Gender Resource Institute
38. Southern Youth Development Organization
39. Triangle Women Support Group
40. Women’s League of Burma
    - Burmese Women’s Union
    - Karenni National Women’s Organization
    - Kachin Women’s Association Thailand
    - Kuki Women’s Human Rights Organization
    - Karen Women’s Organization
    - Kayan Women’s Organization
    - Lahu Women’s Organization
    - Pa-O Women’s Union
    - Shan Women’s Action Network
    - Ta’ang Women’s Organization
    - Tavoyan Women’s Union

- Women for Justice

41. Youth Circle

## လက်မှတ်ရေးထိုးသော ဒေသဆိုင်ရာအဖွဲ့အစည်းများ

42. Ain o Salish Kendra (ASK)- Bangladesh
43. All India Network of NGOs and Individuals Working with National and State Human Rights Institutions (AiNNI)- India
44. Asian NGO Network on National Human Rights Institutions (ANNI)
45. Bytes for All (B4A)- Pakistan
46. Asian Forum for Human Rights and Development (FORUM-ASIA)
47. Centre for Human Rights and Development (CHRD)- Mongolia
48. Covenants Watch- Taiwan
49. Indonesian Human Rights Monitor (IMPARSIAL)- Indonesia
50. Institute for Policy Research and Advocacy (ELSAM)- Indonesia
51. Korean House for International Solidarity (KHIS)- South Korea
52. Law and Society Trust (LST)- Sri Lanka
53. Maldivian Democracy Network (MDN)- The Maldives
54. Odhikar- Bangladesh
55. Philippine Alliance of Human Rights Advocates (PAHRA) - The Philippines
56. Suara Rakyat Malaysia (SUARAM)- Malaysia
57. The People’s Empowerment Foundation (PEF) - Thailand